**Press Release**

## နိုင်ငံတွင်းလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်၏

## ၅၀% ပြည့်မြောက်အောင်မြင်ခြင်းအထိမ်းအမှတ်အား ရွှေစွမ်းအင်ကုမ္ပဏီနှင့်

## အေးရှားဝေါလ်ကုမ္ပဏီလုပ်ငန်းစုမှ ဝမ်းမြောက်ဂုဏ်ပြု

- သဘာဝအရင်းအမြစ်စွမ်းအင်ဆိုင်ရာစီမံကိန်းများတွင် ဆက်လက် လက်တွဲဆောင်ရွက်သွားရန် မျှော်မှန်းလျက်ရှိ

**ရန်ကုန် - ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်** - မြန်မာနိုင်ငံအစိုးရ၏ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားဖြန့်ချိရေး စီမံချက်၏ ၅၀% ပြီးမြောက်အောင်မြင်ခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ပြုအပ်ပြီး နိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်စွမ်းအင်အပေါ် ပိုမိုအားထားလာသည်နှင့်အမျှ အားဖြည့်ကူညီဆောင်ရွက်ရန် မျှော်မှန်းလျက်ရှိကြောင်း ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်လျက်ရှိသော အေးရှားဝေါလ်ကုမ္ပဏီလုပ်ငန်းစု၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှ ယနေ့ဂုဏ်ပြုပြောကြားလိုက်ပါသည်။

နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ဂုဏ်ပြုခဲ့သော နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည့် ဂုဏ်ပြုအခမ်းအနားတွင် ရွှေစွမ်းအင်ကုမ္ပဏီမှလည်း ပံ့ပိုးပါဝင်ကာ တက်ရောက်ရခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်၏ သတ်မှတ်ချက်များကို မြန်မာနိုင်ငံအစိုးရက အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ပါသည်။

နိုင်ငံစွမ်းအင်လိုအပ်ချက်၏ ၅၉% ခန့်ကို ရေအားလျှပ်စစ်မှထုတ်လုပ်ပေးပြီး ၃၈% ကို သဘာဝဓာတ်ငွေ့မှ ရရှိပါသည်။ ယေဘူယျအားဖြင့် မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍ၏ ၆၀% ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များမှ ရရှိခြင်းဖြစ်ပါသည်။

For media queries, contact the **Asia World Company Press Office** at media@asiaworldcompany.com.

ရွှေစွမ်းအင်ကုမ္ပဏီသည် သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်း ("TYG") ကို ၂၀၀၈ ခုနှစ်ကတည်းက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ကွန်ကရစ်မျက်နှာပြင်တာတမံကြီးသည် မြေပြင်ခံနိုင်ရည်အား ကောင်းမွန်ပြီး၊ ဆောက်လုပ်ချိန်ကြာမြင့်မှု ပိုမိုတိုတောင်းကာ ပုံမှန်တာတမံများ တည်ဆောက်ခြင်းထက်လည်း ကုန်ကျစရိတ်ပိုမိုနည်းပါးပါသည်။

စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေး- ၁၉၆၄ခုနှစ် UNDP စီမံကိန်းများ၏ တစ်စိတ်တစ်ဒေသဖြစ်သော TYG သည် သောက်ရေခပ်ချောင်းအပေါ် ပိုင်း၊ တောင်ငူမှ ၂၁ ကီလိုမီတာအကွာအဝေးတွင် တည်ရှိပါသည်။ လက်ရှိတွင် အဆိုပါ ရေအားလျှပ်စစ်စက်ရုံမှ တစ်နိုင်ငံလုံး ရေအားအရင်းအမြစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၄% နီးပါး ပါဝင်ထုတ်လုပ်ပေးနေပါသည်။

ဓာတ်အား ၄၀ မဂ္ဂါဝပ်စီ ထုတ်လွှတ်ပေးနိုင်သော တာဘိုင် (ရေရဟတ်စက်) သုံးလုံးဖြင့် လည်ပတ်နေသော TYG သည် တစ်နှစ်လျှင် ပျှမ်းမျှ ၆၀၅ ဂစ်ဂါဝပ် (GWh) ထုတ်လုပ်ပေးနေပါသည်။ ၂၀၁၈ ခုနှစ်အတွင်း TYG မှ မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သည့် နိုင်ငံတော်၏ စုစုပေါင်းဓာတ်အားထုတ်လွှတ်မှုပမာဏမှ ၁.၅၃ % ၊ national grid အတွက် ယူနစ်သန်းပေါင်း ၄၂၈ သန်းကို ပါဝင်ထုတ်လုပ်ပေးခဲ့ပါသည်။ TYG မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ပျှမ်းမျှ ယူနစ်သန်းပေါင်း ၄၀၀ ခန့် ထုတ်လုပ်နိုင်ခဲ့ပါသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ခြင်းအပြင် ရွှေစွမ်းအင်ကုမ္ပဏီသည် သောက်ရေခပ်အနီးရှိ ဒေသခံများ၏ လူနေမှုဘဝမြှင့်တင်ရေးဆောင်ရွက်ချက်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့မှ ၄၂ ကီလိုမီတာအကွာရှိ ပလက်ဝတံတားတည်ဆောက်ခြင်းကို ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလအကုန်တွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ပြီး သံတောင်နှင့် ဘောဂလိလမ်းကို ချိတ်ဆက်ပေးသွားမည်ဖြစ်ကာ ဒေသတွင်း ကုန်စည်စီးဆင်းမှုနှင့် ကုန်သွယ်မှုကို ပိုမိုတိုးတက်လာစေမည်ဖြစ်ပါသည်။

"နိုင်ငံတော်ရဲ့ စွမ်းအင်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရာမှာ အဓိကကျတဲ့ မှတ်တိုင်ကို အောင်မြင်ဖော်ဆောင်နိုင်တဲ့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို ရွှေစွမ်းအင်ကုမ္ပဏီနဲ့ အေးရှားဝေါလ်ကုမ္ပဏီလုပ်ငန်းစုမှ ဂုဏ်ပြုအပ်ပါ

GOLDENERGY MYANMAR

တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ မြန်ဆန်စွာ တိုးတက်နေတဲ့ စီးပွားရေးကဏ္ဍနဲ့အတူ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စွမ်းအင်တွေ ဖြည့်ဆည်းပေးဖို့ အစိုးရက ဦးဆောင်ကာ ဆောင်ရွက်နေတဲ့အတွက် ဝမ်းမြောက်မိပါတယ်" ဟု ရွှေစွမ်းအင်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးဝင်းမောင်က ပြောကြားခဲ့ပါသည်။

"ကျွန်တော်တို့ ရွှေစွမ်းအင်ကုမ္ပဏီဟာ သောက်ရေခပ် (၂) စီမံကိန်းကြီးကို အစအဆုံး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့အတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးပိုင်းမှာ အတွေ့အကြုံကောင်းတွေ ရှိပါတယ်။ ဒီအတွေ့အကြုံကောင်းတွေနဲ့ ဒေသခံတွေနဲ့ နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေကို သိရှိနားလည်အခြေခံပြီး နိုင်ငံတော်အတွက် တခြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းတွေ ပါဝင်လုပ်ဆောင်ပေးနိုင်ဖို့ မျှော်လင့်လျက်ရှိပါတယ်။" ဟု ၎င်းမှ ထပ်လောင်းပြောကြားသွားခဲ့ပါသည်။

– END –

**ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်အကြောင်း**

အေးရှားဝါလ်ကုမ္ပဏီလုပ်ငန်းစု၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်သည် စစ်တောင်းမြစ်ဝှမ်းတွင် တည်ရှိသော သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ရွှေစွမ်းအင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်စီမံကိန်း အရှိန်အဟုန်တိုးတက်မြင့်မားစေရေးတွင် ပထမဦးဆုံး ပါဝင်ခဲ့သော ပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

၂၀၁၄ ခုနှစ်တွင် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်သည် အာဆီယံအင်ဂျင်နီယာများအသင်းမှ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် ချီးမြှင့်သော ASEAN Outstanding Engineering Achievement Award ကို လက်ခံရရှိခဲ့သည်။

မြန်မာနိုင်ငံသည် ၎င်း၏ စီးပွားရေးတံခါးကို ကမ္ဘာ့အလယ်တွင် ဖွင့်လှစ်လိုက်သည့်အချိန်မှစ၍ နိုင်ငံ၏ ဓာတ်အားလိုအပ်ချက်ပမာဏမှာ မြင့်တက်လာခဲ့ပါသည်။ ရွှေစွမ်းအင်အနေဖြင့် သောက်ရေခပ် (၂) ရေအားလျှပ်စစ်စက်ရုံ၏ စွမ်းအင်ထုတ်လုပ်ခြင်းမှတစ်ဆင့် နိုင်ငံ၏ မြင့်တက်လာလျက်ရှိသော ဓာတ်အားလိုအပ်ချက်ပမာဏပြည့်မီစေရေးကို သံဓိဋ္ဌာန်ချမှတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ရွှေစွမ်းအင်မှ မြန်မာနိုင်ငံ၏ နှစ်စဉ် စွမ်းအင်ထုတ်လုပ်မှုပမာဏစုစုပေါင်း၏ ၂ ရာခိုင်နှုန်းခန့်ကို ပါဝင်ထုတ်လုပ်ပေးနေပါသည်။

For media queries, contact the **Asia World Company Press Office** at media@asiaworldcompany.com.